# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၂၈–၅–၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၁) ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးနှင့် ဒသမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်း တင်ခြင်း –

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၄–၄–၂၀၁၄ မှ ၁၀–၄–၂၀၁၄ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံသို့ လွှတ်တော်လေ့လာရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၇–၄–၂၀၁၄ မှ ၁၅–၄–၂၀၁၄ ရက်နေ့အထိ ဟောင်ကောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံများသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၇–၄–၂၀၁၄ မှ ၁၀–၄–၂၀၁၄ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ **Young Leadership Project** ဆိုင်ရာ အစည်းအဝေး တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ခေါင်းဆောင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ ဦးဝင်းသန်း၊ ဦးနန်းဦး၊ ဦးသိန်းရီ၊ ဦးစိန်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ဦးကျော်စန်း ပါဝင်သော မြန်မာကိုယ်စားလှယ် အဖွဲ့၏ ၇–၄–၂၀၁၄ မှ ၉–၄–၂၀၁၄ ရက်နေ့ အထိ အင်ဒိုနီးရှား နိုင်ငံသို့ မြန်မာ–အင်ဒိုနီးရှားပါလီမန်ဆိုင်ရာ တည်ထောင်ရေးအလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်ရန် သွားရောက် ခဲ့သည့် ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၅–၄–၂၀၁၄ မှ ၁၆–၄–၂၀၁၄ ရက်နေ့ အထိ မက္ကဆီကို နိုင်ငံသို့ **First High Level Meeting of the Global Partnership for Effective Development Cooperation** တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀–၄–၂၀၁၄ မှ ၂၇–၄–၂၀၁၄ ရက်နေ့ အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၃–၄–၂၀၁၄ မှ ၂၅–၄–၂၀၁၄ ရက်နေ့ အထိ ဆွီဒင်နိုင်ငံသို့ **IPCD Programme Action (IPCI 2014)** အစည်းအဝေး တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဇ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ခေါင်းဆောင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ပါဝင်သော မြန်မာကိုယ်စားလှယ် အဖွဲ့၏ ၁၂–၅–၂၀၁၄ မှ ၁၆–၅–၂၀၁၄ ရက်နေ့ အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ (၁၁) ကြိမ်မြောက် **AIPA**မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက် ရှာဖွေရေး ကော်မတီအစည်းအဝေး တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

၈။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၉။ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊

၁၀။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။